
``ဟေဇယ်´´
မေပိုကြညာ

# ဟေဇယ်

## အပိုင်း(၁)

အေးချမ်းသာယာပြီး လှပနေတဲ့ နယ်မြို့လေးတစ်ခု

"ဟေဇယ်ရေ ... ဟေဇယ်"

"ရှင့် ... လာပြီကြီးမြရေ"

ပြန်လည် ထူးသံလေးနဲ့အတူ ရောက်လာတဲ့သူမလေး ခါးထိရှည်တဲ့ ဟေဇယ်ရောင်ဆံပင်လေးတွေက ယိမ်း နွဲ့နေသည်။

ဖြူဖွေးတဲ့အသား အနေတော် အရပ်ကလေးနဲ့သူမ ဟေဇယ်ရောင် မျက်ဝန်းလှလှလေးတွေ ပိုင်ဆိုင်ထားသည့် သူမလေးက "ဟေဇယ်" ဆိုတဲ့ နာမည်လေးနဲ့ လိုက်ဖက်လွန်းလှသည်။

"ဟေဇယ်ရေ ဒေါ်ဒေါ်ကိုလေ နှင်းဆီပန်းအပွင့်၂၀လောက် ခူးပေးပါလား"

"ဟုတ်ကဲ့ ဒေါ်ကြီးခဏလောက် စောင့်ပေးနော်"

ဥယျာဉ်ခြံတွေ အများကြီးပိုင်ပေမဲ့ သူမလေးအမြဲနေတတ်တာက နှင်းဆီပန်းခင်းထဲမှာပါ။

"ဖေဖေမြလေး ကိုပြောပေးပါ။ ခြံဘက်ကို ဇယ်မလိုက်ခဲ့တော့ဘူး တစ်ယောက်တည်း သွားလိုက်ပါလို့"

"သမီး ... မြလေးက တစ်ယောက်တည်း သွားတတ်ပါ့မလား သူကမြို့က ပြန်ခဲ့တာလည်း မကြာသေးဘူးလေ"

"သွားတတ်ပါတယ် ဖေဖေရဲ့အခုက နှင်းဆီပန်းခူးပေးရမှာကြောင့် သမီး

သွားအုံးမယ်နော်"

"ဩော် ဟုတ်လားသွားလေ သမီး"

***

"ဝါး ... ခုမှပဲ မြန်မာပြည်ကြီးကို ခြေချခွင့်ရတော့တယ်"

"မြရတနာ စံအိမ်"ရဲ့ တစ်ဦးတည်းသော အမွေဆက်ခံသူဖြစ်တဲ့ သီအိုရီ တစ်ယောက် မျက်နှာကိုတိုးဝှေ့ကာ တိုက်ခတ်လာတဲ့ လေပြည်ညင်းတွေကို တဝကြီးရှူရှိုက်ကာ လက်နှစ်ဖက်ကိုပင် ဆန့်တန်းလိုက်သေးသည်။

"အစ်ကိုလေးကို ဘွားဘွားကြီးက ကြိုခိုင်းလိုက်လို့ပါ"

"ဟေ "

"ဒါနဲ့အစ်ကိုလေး ဟိုမှာနေရတာ အဆင်ပြေခဲ့ရဲ့လား"

"အလုပ်ကိစ္စ အောင်မြင်ခဲ့ရဲ့လားလို့ ပိုမေးသင့်တာ မဟုတ်ဖူးလား"

တစ်ခါတလေကျတော့လည်း ဒီလိုချုပ်နှောင်မှုတွေကြားက ထွက်သွားချင် ပါသည်။ အမွေဆက်ခံသူဆိုတဲ့ စည်းတွေကြားမှာ ကြီးပြင်းလာတဲ့ သူ့ဘဝ က အများအမြင်မှာတော့ အရမ်းအားကျစရာကောင်းတဲ့ စီးပွားရေး လုပ်ငန်းရှင် တစ်ယောက်ဆိုပေမဲ့ ကိုယ့်ပိုင်ဆိုင်မှုကို လုယူချင်တဲ့ လူတွေ ကြားနေရတဲ့ ဒုက္ခကို ဘယ်သူနားမလည်ပဲ့မလဲ

"ဘွားဘွား အိမ်မှာစောင့်နေတယ်မလား ပြန်ကြတာပေါ့"

"ဟုတ် အစ်ကိုလေး"

"ဩော် ဒါနဲ့မင်းနေခဲ့ နောက်လေယာဉ်နဲ့ ထက်နိုင်ပါလာမယ်။ သူ့ကိုခေါ် ပြီးမှ လိုက်ခဲ့ပါ"

ကိုယ့်အတွင်းရေးမှူးနဲ့ လေယာဉ်တစ်စီးတည်း မစီးခဲ့ပဲ တကွဲစီဖြစ်နေတဲ့ အစ်ကိုလေးကြောင့် မျက်လုံးပင်ပြူးသွားမိသည်။

***

"သမီး မြလေးခြံထဲ မသွားသေးဘူးလား"

"မသွားတော့ပါဘူး ဘဘရယ်"

"ဟေ ... ဘာလို့လဲ သမီးရဲ့သမီးပဲခြံထဲ ရောက်ဖူးချင်တယ်ဆို"

"ဟုတ်တာတော့ ဟုတ်ပါတယ် ဘဘရယ် ဒါမဲ့မမ မပါတော့ မသွားချင်တော့ပါဘူး"

" ကဲပါ သွားသွား။ သမီးမမကိုသွားခေါ်ပြီး ပို့ခိုင်းလိုက် ပန်းခူးတာ ခိုင်ဇင်တို့ ခူးထားလိုက်မယ်"

"ဝေး ... ဒါမှ တို့ဘဘကွ"

ခုန်ပေါက်ပြီး ဟေဇယ်ရှိတဲ့နေရာကို သွားနေတဲ့ မြလေးဆိုတဲ့ မိန်းကလေး။ ငယ်ငယ်ထဲက လိုချင်တာရှိရင် ရအောင်ယူတတ်ပြီး တစ်ဝမ်းကွဲအစ်မဖြစ်တဲ့ ဟေဇယ့်အပေါ် အရမ်းနိုင်စားလွန်းပါတယ်။

"မမဟေဇယ် မြလေးကို ခြံထဲလိုက်ပို့"

"ဒါပေမဲ့ မြလေးရယ် မမဒီမှာ ပန်းခူးရအုံးမယ်လေ"

"အဲဒါကို မမခိုင်ဇင်တို့ကို ခိုင်းလိုက်မယ်တဲ့ ဘဘက"

"ဟင်း ... အဲဒါဆိုလည်း သွားတာပေ့ါ သွားစက်ဘီးသွားထုတ်"

"ဟုတ်မမ"

သူမတို့မြို့လေးက စိုက်ပျိုးရေးကို အဓိကလုပ်တာမို့ နေရာတိုင်းမှာ ပန်းခြံတွေ သီးနှံစိုက်ခင်းတွေနဲ့ လှပနေ၏။

တစ်နေရာကို သွားရင်လည်း စက်ဘီးကိုသာ အသုံးပြုကြသည်။

***

"မြေး ... ဒီတစ်ခေါက်companyခွဲက ဖွင့်ဖွင့်ချင်းမှာတင် ဈေးကွက်ကို ထိုးဖောက်နိုင်ခဲ့တယ်"

"အဲဒီ အောင်မြင်မှုနောက်ကွယ်မှာ ပင်ပန်းခဲ့တာကိုလည်း ထည့်ပြောအုံးလေ ဘွားဘွား"

"မြေးရယ် ကိုယ့်နေရာကို ထိန်းသိမ်းထားနိုင်ဖို့ပဲ လေ"

"ဘွားရာ အဲဒီလိုဆို အခုဥက္ကဋ္ဌရာထူးကို ဦးလေးကိုပေးလိုက်မယ် ပြီးတော့သာမန်ဘဝလေးနဲ့ပဲ နေလိုက်မယ်"

"မြေး အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ အခုတောင် သူတို့က မြေးရဲ့နေရာကို ရချင်နေတာလေ"

"ကျွတ် ... ကျွန်တော်ပင်ပန်းလာလို့ သွားနားတော့မယ် ဘွား"

"အေး ... အေး"

"ဒါနဲ့ မနက်ဖြန်ကျွန်တော် ခရီးထွက်မယ် ဘွား"

"ဘယ်နေရာကိုလဲ မြေး"

"ကြိုတဲ့နေရာပေ့ါ"

"မေမေနဲ့ဖေဖေ့ကိုလည်း ပြောထားလိုက်အုံးနော်"

"ဩော် ... အေးအေးငါ့မြေး"

မိဘနှစ်ပါးလုံးထက်ပိုပြီး သူ့ကိုဖိအားပေးတဲ့ဘွား အခုတစ်ခါတော့ သီအိုရီဆိုတဲ့သူ့ကို ဘာစကားမှ ထပ်မပြောနိုင်တော့။

***

"အစ်ကို ကျွန်တော်ရောက်ပါပြီ"

"ထက်နိုင် ... မင်းအခုတစ်နေရာကို သွားခွင့်ရှိမယ်ဆို ဘယ်ကိုသွားမလဲ"

"ဗျာ ..."

ရုတ်တရက်ကြီး မေးလိုက်တော့လူပါ ကြောင်သွားရသည်။

"ဘာလဲ ငါမေးတာမကြားဘူးလား"

"မဟုတ်ပါဘူး အစ်ကို။ မေးလိုက်တာက ရုတ်တရုတ်ကြီးဆိုတော့"

"စကားမရှည်နဲ့ ငါမေးတာကိုဖြေ"

"ကျွန်တော်သာဆို ရှမ်းပြည်ဘက်ကို သွားချင်တယ် "

"မင်းတကယ် အဲဒီကိုသွားချင်တာလား"

သွားချင်တာပေါ့ သူ့ရဲ့မွေးရပ်မြေလေးဖြစ်သလို သူချစ်ရတဲ့ ဟေဇယ်ရှိတဲ့နေရာပဲ မဟုတ်ပါလား

"ဟုတ် သွားခွင့်သာရမယ်ဆို သွားချင်ပါတယ်"

"ဟုတ်သား ရှမ်းပြည်ဆိုတာ မင်းရဲ့မွေးရပ်မြေပဲ မနက်ဖြန်သွားကြတာပေါ့"

"ဗျာ အစ်ကို ... တကယ်လား"

"ငါဘယ်တုန်းက စဖူးလို့လဲ"

ဟုတ်ပါတယ်။ အရမ်းတည်ငြိမ်လွန်းတဲ့လူမို့ စတာဆိုတာ မဖြစ်နိုင်။

"ဒါပေမဲ့ ဘွားဘွားကြီး ..."

"ရတယ် ငါပြောထားတယ် အကုန်လုံးကို။ မင်းကသွားဖို့ကိုသာ အဆင်သင့်ပြင်ထား"

"ဟုတ် အစ်ကို"

ပြုံးရွှင်စွာ ထွက်လာတဲ့ ထက်နိုင်ရဲ့ အတွေးထဲမှာတော့ ချစ်ရသူနဲ့ တွေ့ရမယ်ဆိုတဲ့ စိတ်ကြောင့် ကြည်နူးမိတာအမှန်။

***

"မမဟေဇယ် ..."

"အမယ်လေး လန့်လိုက်တာ မြလေးရယ်"

"ဟီး ... မမနော် အဲဒီလောက်ထိ လန့်ရအောင် ဘာတွေစဉ်းစားနေလို့လဲ"

ဟေဇယ့်ပခုံးကို သိုင်းဖက်ထားကာ မေးလာတဲ့ မြလေးကို ဘာစကားမှမဆိုမိပဲ ခပ်ပြုံးပြုံးလေးသာ ကြည့်နေမိသည်။

"မမလို့ ဘာအကြောင်းတွေ စဉ်းစားနေတာလဲ"

"ဟိုအကြောင်း ဒီအကြောင်းပေါ့ မြလေးရယ်"

"အယ် အဲဒီဟိုအကြောင်း ဒီအကြောင်းထဲမှာ ကိုကြီးထက်နိုင်လည်း ပါတယ်မလား"

"ဟယ် ... ကြည့်စမ်းဒီကောင်မလေး မဟုတ်တာကို ပြောနေတယ်"

"ဟား ... မမဟေဇယ် ရှက်သွားပြီ"

"အယ် ဒီကောင်မလေး"

ရှက်ပြီး အိမ်ထဲဝင်ပြေးသွားတဲ့ မမဟေဇယ်က မိန်းမချင်းတောင် နှစ်ခါပြန်ငေးကြည့်ရအောင် ယဉ်ယဉ်လေးနဲ့ လှရက်ပါသည်။

ဘေးချင်းကပ်လျက်က ခြံပိုင်ရှင်တွေရဲ့ ကမ်းလှမ်းချက်ကိုငြင်းပယ်ပြီး ပြန်လာဖို့မသေချာတဲ့ ချစ်သူကိုသာ သစ္စာရှိနေတဲ့မမကို သနားမိသည်။

***

"အစ်ကို့ကို အားနာလိုက်တာဗျာ ကျွန်တော်သာပါရင်"

"ဟေ့ကောင် ရှည်မနေနဲ့ ကြီးတင့်ကိုသာ ဂရုစိုက်။ မင်းမပါလည်း ဘာဖြစ်လဲ ပိုတောင်လွတ်လပ်သေး"

"ကားကို ဂရုစိုက်မောင်းနော် သား။ ဟိုရောက်ရင် မေမေတို့ကိုဖုန်းဆက်"

"ဟုတ်ကဲ့ပါ မေမေရယ် မကြာပါဘူး ၁ပတ်လောက်နေပြီး ပြန်ခဲ့မယ်"

ခရီးထွက်မယ် စီစဉ်ထားကာမှ ထက်နိုင်ရဲ့ အမေဒေါ်တင့်ဆွေက ရေချိုးခန်းထဲ ချော်လဲခဲ့ရာ ထက်နိုင်ကမလိုက်နိုင်။

"ကဲဗျာ ကျွန်တော် သွားတော့မယ်"

"အေးပါ သားရယ်"

***

"ဟယ်လို ... ဦးသော်ခ။

boss သီအိုရီ ကျွန်တော်တို့ ပစ်မှတ်နဲ့နီးလာပြီ"

"ဟား ... သေချင်တဲ့လူက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပဲ"

"ကျွန်တော်တို့ လက်စသတ် လိုက်ရတော့မလား"

"ဖြည်းဖြည်းပေါ့ကွာ။ သူတစ်ယောက်တည်း လွတ်လပ်တဲ့ အရသာကို ခံစားပါစေအုံး တော်ကြာ ဦးလေးတစ်ယောက်ဖြစ်ပြီး ကိုယ့်တူရဲ့ဆန္ဒကို မဖြည့်ဆည်းပေးလို့ တမလွန်ကနေ အပြစ်တင်နေပါအုံးမယ်။ ဟား ..."

တဟားဟား အော်ရယ်ပြီး အကြံညဏ်အပြည့်နဲ့ ဦးသော်ခ ဖုန်းကိုကြည့်ရင်း မိန့်မိန့်ကြီး ပြုံးနေမိသည်။

***

"မမဟေဇယ်ခြံထဲ သွားမှာမလား မြလည်းလိုက်မယ်"

"မလိုက်ပါနဲ့ မြရယ် ဒီနေ့သွားမယ့် နေရာကဝေးတယ် ဆိုင်ကယ်နဲ့သွားရမှာကြောင့် မလိုက်ပါနဲ့"

"မမကလည်းနော် မြလည်း ဆိုင်ကယ်စီးတတ်ပါတယ် မြကမောင်းမယ်

မမက နောက်ကလိုက်ခဲ့"

"ကဲပြောမရလည်း လိုက်ခဲ့တော့ မြလေးရေ"

ပြောမရတဲ့အဆုံး သက်ပြင်းတစ်ချက် ပင့်ချကာ မြလေးကိုပါ တစ်ပါတည်း ခေါ်လာခဲ့တော့၏။

***